Emmanuel Christian Community School

**Address** 50 Casserley Avenue,
Girrawheen WA 6064
**Phone** 9342 7377 **Mobile** 0450 726 498
**Email** admin@eccs.wa.edu.au

**www.eccs.wa.edu.au**

# တိုက်ရိုက် ဖြတ်တောက်ငွေ (Direct Debit) သတင်းအချက်အလက်

*တိုက်ရိုက် ဖြတ်တောက်ငွေ (Direct Debit) ဆိုသည်မှာ ဘာလဲ။*

Direct Debit အားဖြင့် သင်၏ ငွေပေးချေမှုအစီအစဉ်အဖြစ် သင်၏ ကျောင်းလခများကို သင်၏ ဘဏ်စာရင်း (bank account)၊ အကြွေးဝယ်ကတ် (credit card) သို့မဟုတ် ငွေဖြတ်ကတ် (debit card) မှ အလိုအလျောက် ဖြတ်တောက်စေသည်။

*တိုက်ရိုက် ဖြတ်တောက်ငွေ (Direct Debit) ကို မဖြစ်မနေ လုပ်ထားရမည်လား။*

မဟုတ်ပါ၊ တိုက်ရိုက် ဖြတ်တောက်ငွေ (Direct Debit) မှာ မိမိသဘောအလျောက် လုပ်ရမည့်ကိစ္စဖြစ်သည်။ သင် ကျောင်းလခများကို ငွေသား၊ ဘဏ်မှတစ်ဆင့်ငွေလွှဲပေးခြင်း၊ Centrepay သို့မဟုတ် EFTPOS ကဲ့သို့သော အခြားသော ငွေပေးချေနည်းများကို သုံး၍ ပေးချေနိုင်ပါသေးသည်။

အကယ်၍ သင့် ငွေပေးချေမှုများကို တစ်နှစ်အတွင်း မျှပေးစေရန် ပုံမှန် အရစ်ကျပေးလိုပါက တိုက်ရိုက်ဖြတ်တောက်ငွေ (Direct Debit) ကိုသုံးရန် အကြံပြုပါသည်။

*တိုက်ရိုက်ဖြတ်တောက်ငွေ (Direct Debit) ၏ အားသာချက်များမှာ အဘယ်နည်း။*

- တိုက်ရိုက် ဖြတ်တောက်ငွေ (Direct Debit) သည် ထပ်ခါတလည် ပေးနေရသည့် ပေးချေမှုများအတွက် ကောင်းသော နည်းလမ်းဖြစ်သည်။ သင့်အနေဖြင့် သင့်ကျောင်းလခများ ပေးချေမှုကို ဖြတ်တောက်ရန် စီစဉ်ထားပြီးနောက် မေ့ထားလို့ ရနိုင်ပါသည်။ လူအများစုသည် ကျောင်းလခများ နောက်ကျပြီးပေးချေခြင်း သို့မဟုတ် ငွေလွှဲပေးရန် မှတ်ထားရခြင်းတို့ကို မနှစ်သက်ကြပါ။
- သင်၏ပေးချေမှုများကို ဖြတ်တောက်ရန်အတွက် စီစဉ်ရန် တစ်ကြိမ်တည်းသာ ပုံစံတွင် လက်မှတ်ထိုးရန် လိုအပ်ပါသည်။ သင်၏ အရစ်ကျပေးရသည့် ငွေပမာဏ ပြောင်းလဲသည့်အခါတိုင်း Centrepay ပုံစံကို ဖြည့်စွက်ရန် အတွက်သော်လည်းကောင်း သို့မဟုတ် ထပ်ခါတလည်ပေးရသည့် အကြွေးဝယ်ကတ် တိုက်ရိုက်ဖြတ်ငွေကို အွန်လိုင်းဖြင့် စီစဉ်ရန်သော်လည်းကောင်း လုပ်ရန်လိုအပ်မည် မဟုတ်ပါ။
- တိုက်ရိုက် ဖြတ်တောက်ငွေ (Direct Debit) သည် ပေးချေငွေများကို တွက်ချက်ပေးမည်ဖြစ်သောကြောင့် နှစ်ဆုံးကာလ၌ ပေးရန်လက်ကျန်ငွေရှိဦးမည် မဟုတ်ပါ။
- သင်သည် ကျောင်းနှင့်သဘောတူသည့်အတိုင်း ကာလအတိုင်းအတာတစ်ခုအတွင်း ကုန်ကျစရိတ်များကို မျှ၍ ပေးနိုင်ပါသည်။ ပုံမှန် မျှပေးရသည့်ပေးချေမှုများမှာ တစ်လုံးတစ်ခဲတည်းများများပေးရသည်ထက် ပို၍စီမံရ လွယ်ကူပါသည်။
- ပြောင်းလဲမှု ဖြစ်ပေါ်ပါက တိုက်ရိုက် ဖြတ်တောက်ငွေ (Direct Debit) အားဖြင့် သင့် ပေးချေမှုကို ကျောင်းအား ရပ်ဆိုင်းစေနိုင်သည်၊ ပြန်ညှိပေးစေနိုင်သည် သို့မဟုတ် ပယ်ဖျက်ပေးစေနိုင်သည်။

Emmanuel Christian Community School

**Address** 50 Casserley Avenue, Girrawheen WA 6064
**Phone** 9342 7377 **Mobile** 0450 726 498
**Email** admin@eccs.wa.edu.au

**www.eccs.wa.edu.au**

*တိုက်ရိုက် ဖြတ်တောက်ငွေ (Direct Debit) ၏ ပေးချေမှု နည်းလမ်းများမှာ အဘယ်နည်း။*

သင်၏ အရစ်ကျ ပေးချေမှု အကြိမ်ရေကို ကျွန်ုပ်တို့ သဘောတူပါသည်။ သင့်အနေဖြင့် အပတ်စဉ်၊ နှစ်ပတ်တစ်ခါ၊ လစဉ်၊ သုံးလတစ်ကြိမ်နှင့် နှစ်စဉ် ရွေးနိုင်သည်။

*မိဘများအပေါ် အပိုကုန်ကျစရိတ်များ ရှိမည်လား။*

မရှိပါ၊ အပိုကုန်ကျစရိတ်များ မရှိပါ။
သင့် ဘဏ်သည် ဘဏ်စာရင်းငွေလက်ကျန် လုံလုံလောက်လောက် မရှိပါက ငွေလွှဲပျက်ကွက်အခကြေး တောင်းခံနိုင်သည်။

*ကျွန်ုပ်၏ ပေးချေမှုများနှင့် ငွေလက်ကျန်ကို မည်သို့ စိစစ်နိုင်သနည်း။*

စာရင်းရှင်းတမ်းများကို လစဉ် အီးမေးလ်ဖြင့် ပို့ပေးပါမည်၊ ကျွန်ုပ်တို့ လက်ခံရရှိခဲ့သည့် ငွေပေးချေမှုများနှင့် သင့် ကျောင်းလခ စာရင်းလက်ကျန်ငွေကို အသေးစိတ်ဖော်ပြထားပါမည်။

*ကျွန်ုပ် Centrepay ဖြင့် ပေးချေနေပါသည်။ ကျွန်ုပ် Direct Debit သို့ ပြောင်းလိုက်နိုင်ပါသလား။*

Centrepay မိဘများကို Direct Debit သို့ ပြောင်းလိုက်ရန် တိုက်တွန်းပါသည်။ ဆိုလိုသည်မှာ သင်သည် အဆိုပြုထားသည့် ဘဏ်စာရင်းတွင် Centrelink ထောက်ပံ့ငွေ အပြည့်ကို ဦးစွာ လက်ခံရရှိမည်ဟု ဆိုလိုသည်။ ယင်းနောက် ကျောင်းလခ ပမာဏကို သင် ရွေးချယ်လိုက်သည့် ပေးချေမှုအတိုင်း ဖြတ်တောက်ပါမည်။ သင်၏ အရစ်ကျပေးရမည့် ငွေပမာဏ ပြောင်းတိုင်း Centrepay ပုံစံကို လက်မှတ်ထိုးရန် လိုအပ်မည် မဟုတ်ပါ။

*ငွေတောင်းခံလွှာ ပို့သည့်ဖြစ်စဉ်မှာ အရင်အတိုင်းအတူတူဖြစ်သလား။*

တစ်နှစ်လုံးစာ၏ အခကြေးများဖြစ်သည့် ကျူရှင်၊ တဲထိုးစခန်းချ၊ ရေကူး၊ အိုင်တီ အခကြေး နှင့် အခြားသော မပေးမနေရဖြစ်သည့် ကျောင်းပွဲလမ်းများကို ဇန်နဝါရီလတွင် ကျသင့်မည်ဖြစ်ပြီး ကျောင်း ပထမ သုံးလပတ်၏ ဒုတိယ အပတ်တွင် ပေးချေရန် အချိန်ကျရောက်ပါမည်။ အကယ်၍သင် ပေးချေမှုများကို တစ်နှစ်လုံးမျှ၍ အရစ်ကျ ပေးလိုပါက တိုက်ရိုက် ဖြတ်တောက်ငွေ သဘောတူချက် (Direct Debit Agreement) ကို လက်မှတ်ထိုးပေးရန် သင့်အား ကျွန်ုပ်တို့ တိုက်တွန်းပါသည်။

မဖြစ်မနေ မဟုတ်ဘဲ ရွေးသင်ရသည့်ဘာသာရပ်များကို ကျောင်း ဒုတိယ သုံးလပတ် နှင့် စတုတ္ထ သုံးလပတ် တို့တွင် ကျသင့်ပါမည်။ သင့်အား ဘာသာရပ်ရွေးချယ်သည့်လုပ်ငန်း အဆုံးသတ်သည့်ကာလဖြစ်သည့် ကျောင်း ဒုတိယ သုံးလပတ် နှင့် စတုတ္ထ သုံးလပတ် နောင်းပိုင်းတွင်သာ သင့်အား ကျသင့်စေပါမည်။ တိုက်ရိုက် ဖြတ်တောက်ငွေ (Direct Debit) ပမာဏမှာ ကျောင်းစာသင်နှစ် တစ်လျှောက် မျှပေးရသည့်အတွက် ကျောင်းက ကောက်ခံသည်မှာ ပိုများပါလိမ့်မည်။

Emmanuel Christian Community School

**Address** 50 Casserley Avenue, Girrawheen WA 6064
**Phone** 9342 7377 **Mobile** 0450 726 498
**Email** admin@eccs.wa.edu.au

**www.eccs.wa.edu.au**

*ကျောင်းလခ လျှော့စျေးပေးမှုများနှင့် သက်သာခွင့်များကို ဆက်လက် ပေးနေမည်လား။*

ဟုတ်ပါသည်။ သက်သာခွင့် ကတ်ပြား လျှော့စျေး၊ မွေးချင်းညီအစ်ကို လျှော့စျေး၊ စောစောပေးချေမှု လျှော့စျေးနှင့် ငွေကြေးအခက်အခဲ လျှော့စျေးတို့ သက်ဆိုင်ပါသည်။ သင်၏ လက်ရှိ ကျန်းမာရေးစောင့်ရှောက်မှု ကတ်ပြားကို 2024 ခုနှစ် ဇန်နဝါရီလ 15 ရက်နေ့ သို့မဟုတ် မတိုင်မီ တင်သွင်းပါ။

*ကျွန်ုပ် ကျောင်းလခများကို တိုက်ရိုက် ဖြတ်တောက်ငွေ (Direct Debit) ဖြင့် ပေးချေလိုပါက နောက်ထပ် ကျွန်ုပ် ဘာလုပ်သင့်ပါသလဲ။*

သင် တိုက်ရိုက် ဖြတ်တောက်ငွေ သဘောတူချက် (Direct Debit Agreement) ကို သင်၏ ဘဏ်စာရင်း၊ အကြွေးဝယ်ကတ်၊ သို့မဟုတ် တိုက်ရိုက် ဖြတ်တောက်ငွေ မှကျောင်းလခများကို ကျောင်းမှ ဖြတ်တောက်စေရန် လက်မှတ်ထိုးပေးရပါမည်။

တိုက်ရိုက် ဖြတ်တောက်ငွေ သဘောတူချက် (Direct Debit Agreement) ကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် https://www.eccs.wa.edu.au/parents/school-fees/ မှ ဒေါင်းလုဒ်ဆွဲယူနိုင်သည်။ သင့်အနေဖြင့် တိုက်ရိုက် ဖြတ်တောက်ငွေ သဘောတူချက် (Direct Debit Agreement) မိတ္တူ တစ်စောင်ကို တောင်းရန် Casserley ရှိ စီမံရေးရုံးတွင် တောင်းယူနိုင်ပါသည်။

ပုံစံကို အမြန်ဆုံး ဖြည့်စွက်ပေးရန် သင့်အား ကျွန်ုပ်တို့ တိုက်တွန်းပါသည် သို့မှသာ သင့်ပေးချေမှုများကို စီမံပေးစေရန် ကျွန်ုပ်တို့ 2024 ခုနှစ်အတွက် သင်၏ တိုက်ရိုက် ဖြတ်တောက်ငွေ (Direct Debit) ပေးချေမှုများအား စီစဉ်ပေးနိုင်မည်ဖြစ်ပါသည်။

သင့်တွင် မေးစရာ တစ်စုံတစ်ရာ ရှိပါက School Fees Office ဖုန်း (08) 9342 7377 ကိုဆက်ပါ သို့မဟုတ် အီးမေးလ် schoolfees@eccs.wa.edu.au သို့ပို့ပါ။

ကျေးဇူးတင်ပါသည်။
ECCS ကျောင်းအခကြေးများ